# YANGON STOCK EXCHANGE

- "Navigating New Investment Opportunities on the Pre-Listing Board" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ရိုက်ကူးထုတ်လွှင့်ခြင်း
- YSX Stock Investment Virtual Series 2024 အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသခြင်း
- "ACMF 20th Anniversary and International Conference" and "ACMF-ISSB Technical Workshop" သို့ တက်ရောက်ခြင်း
- "Stock Exchange International Workshop 2024" သို့ အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခြင်း
- ရန်ကုန်စတော့အိပ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များ လာရောက်ခြင်း
- စာရင်းဝင်ကုမ္ပဏီများ၏အရေးကြီးထုတ်ပြန်ချက်များ
- တတိယသုံးလပတ်အတွင်း စတော့ဈေးကွက်အခြေအနေများ

## "Navigating New Investment Opportunities on the Pre-Listing Board" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ရိုက်ကူးထုတ်လွှင့်ခြင်း




"Navigating New Investment Opportunities on the Pre-Listing Board" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရန်ကုန် စတော့အိပ်ချိန်း၏ ဆိုရှယ်မီဒီယာစာမျက်နှာများမှတစ်ဆင့် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲအတွင်း ရန်ကုန်စတော့အိပ်ချိန်း၏ စာရင်းဝင်အကြို ဈေးကွက်သို့ ဝင်ရောက်ရာတွင် ကုမ္ပဏီများ သိထားသင့်သော ဥပဒေပြဋ္ဌာန်းချက်များ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် မှတ်ပုံတင်အကြံပေးကုမ္ပဏီများ၏ အခန်း ကဏ္ဍများ၊ စာရင်းဝင်အကြိုဈေးကွက်သို့ ပထမဆုံးဝင်ရောက်နိုင်ခဲ့သည့် Myanma Agricultural & General Development Public Co., Ltd ၏ မှတ်ပုံတင်ဝင်ရောက်ခြင်း အတွေ့အကြုံများကို အဓိကထား ဆွေးနွေးတင်ပြခဲ့ကြပါသည်။

## YSX Stock Investment Virtual Series 2024 အား ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အွန်လိုင်းမှတစ်ဆင့် ထုတ်လွှင့်ပြသခြင်း

YSX Stock Investment Virtual Series 2024 ကို ဒီဇင်ဘာလ (၁) ရက်နေ့မှ ဒီဇင်ဘာလ (၂၉) ရက်နေ့အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ (၄) နာရီတိတိ အချိန်တိုင်း ရန်ကုန်စတော့အိပ်ချိန်း၏ YouTube, Facebook, Viber နှင့် Telegram channel တို့မှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ပါသည်။




အဆိုပါအစီအစဉ်တွင် စာရင်းဝင်ကုမ္ပဏီများနှင့် မှတ်ပုံတင်ကုမ္ပဏီတို့မှ အကြီးအကဲများက ၎င်းတို့ကုမ္ပဏီ၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရင်းနှီးမြှုပ်နှံသူများ သိရှိနိုင်ရန် ရှင်းလင်းပြောကြားခြင်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် မှတ်ပုံတင် အကြံပေးကုမ္ပဏီများမှ တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသိကောင်းစရာများကိုဆွေးနွေးပြောကြားခြင်းများ ပြုလုပ်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စတော့ဈေးကွက်အကြောင်း ပိုမိုသိရှိနားလည်ကာ မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်၍ ရင်းနှီးမြှုပ်နှံနိုင်စေရန်ရည်ရွယ်ထုတ်လွှင့်ပြသခဲ့ပါသည်။



## "ACMF 20th Anniversary and International Conference" and "ACMF-ISSB Technical Workshop" သို့ တက်ရောက်ခြင်း

"ACMF 20th Anniversary and International Conference" and "ACMF-ISSB Technical Workshop" ကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက်နှင့် (၂၃) ရက် နေ့များတွင် လာအိုနိုင်ငံ၊ ဗီယန်ကျန်းမြို့၊ Landmark Mekong Riverside Hotel ၌ ကျင်းပခဲ့ရာ ရန်ကုန်စတော့အိပ်ချိန်းမှ ဒုတိယအကြီးတန်းမန်နေဂျာ ဒေါ်ဖြူပြာလင်း မှတက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးများတွင် ACMF အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ၊ ၂၀၂၁-၂၀၂၅ မဟာဗျူဟာစီမံချက်အရ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများ နှင့် ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အာဆီယံ အရင်းအနှီးဈေးကွက် ပူးပေါင်းဆောင်ရွက်မှု၏ ထပ်မံဆောင်ရွက်သွားမည့် ဦးတည် ကြိုးပမ်းချက်များကိုလည်း ဆွေးနွေးခဲ့ကြပါသည်။






## ရန်ကုန်စတော့အိပ်ချိန်းသို့ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များလာရောက်ခြင်း

MRVT College မှ သင်တန်းသား/သူ (၄၂) ဦး ပါဝင်သော လေ့လာရေး အဖွဲ့ နှင့် U Nay Lin Aung Finance & Accountancy Academy မှ သင်တန်းသား/သူ (၂၃) ဦး ပါဝင်သော လေ့လာရေးအဖွဲ့တို့သည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလ များအတွင်း၌ ရန်ကုန်စတော့အိပ်ချိန်းသို့ လေ့လာရေးခရီးများ လာရောက်ခဲ့ကြပါသည်။ အဆိုပါ ခရီးစဉ်များအတွင်း ရန်ကုန်စတော့အိပ်ချိန်းမှ အမှုဆောင်အကြီးတန်း မန်နေဂျာ ဦးမင်းသူမှ "Overview of Capital Market" ခေါင်းစဉ်ဖြင့် အရင်းအနှီးဈေးကွက်ဆိုင်ရာသိကောင်းစရာများနှင့် စတော့ရှယ်ယာများ မည်ကဲ့သို့ ရောင်းဝယ်ကြသည်ကို ရှင်းလင်းပို့ချ အသိပညာမျှဝေပေးခဲ့ပါသည်။ တက္ကသိုလ်များနှင့် ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ လေ့လာရေးခရီးစဉ်များကို ရန်ကုန် စတော့အိပ်ချိန်းမှ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး လေ့လာရေးလာရောက်လိုပါက ရုံးချိန် အတွင်း ဖုန်း (၀၁-၈-၃၇၁ ၂၇၄) သို့ ဖုန်းဆက်၍ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## "Stock Exchange International Workshop 2024" သို့ အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခြင်း

"Stock Exchange International Workshop 2024" ကို ရှန်ဟိုင်း စတော့အိပ်ချိန်းနှင့် ရှန်ဇန် စတော့အိပ်ချိန်းတို့မှ ကြီးမှူး၍ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့မှ (၁၁) ရက်နေ့ထိ Zoom App မှတဆင့် ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်စတော့အိပ်ချိန်းမှ အကြီးတန်းအရာရှိများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲအတွင်း စတော့အိပ်ချိန်း (၂၆) ခုမှ ကိုယ်စားလှယ်များက မိမိ တို့ ဈေးကွက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွေ့အကြုံများကို မျှဝေတင်ပြခဲ့ကြပြီး အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။

## စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ

### အောက်တိုဘာ - နိုဝင်ဘာ - ဒီဇင်ဘာ | ၂၀၂၄

**FMI**

- (၃၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအကြောင်းကြားစာ
- အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌ အဖြစ် ခန့်အပ်ကြောင်းကြေညာခြင်း
- မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေး ရှင်းတမ်းအားထုတ်ပြန်ခြင်း
- နှစ်ပတ်လည်အစီရင်ခံစာကြေညာခြင်း

**MTSH**

- အမြတ်ဝေစုခွဲဝေပေးမည့်ရက်အား အသိပေးကြေညာခြင်း
- အကျဉ်းချုံး စုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ
- စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့်ဆွေးနွေးသုံးသပ်ချက်များ

**MCB**

- (၃၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအားအသိပေး ကြေညာခြင်း
- ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း
- ကြားဖြတ်အကျဉ်းချုံးဘဏ္ဍာရေးရှင်းတမ်းများ
- စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များ

**FPB**

- အစည်းအဝေးကျင်းပမည့်ရက်အား အသိပေးကြေညာခြင်း
- အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

## LISTED & REGISTERED COMPANIES UPDATES (Q3-2024-25)

■ **FMI | Oct 2024**
**(၃၃)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး အကြောင်းကြားစာ**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ (၃၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအကြောင်းကြားစာကို ရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၁) ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/LR7k2

■ **FMI | Nov 2024**
**အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌအဖြစ် ခန့်အပ်ကြောင်း ကြေညာခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ အမှုဆောင်မဟုတ်သော ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးလင်းမြိုင်အား အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌအဖြစ် ပြောင်းလဲခန့်အပ်ပါကြောင်း အစုရှယ်ယာရှင်များထံ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/8JKfR

■ **FMI | Nov 2024**
**မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းအား ထုတ်ပြန်ခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းအား ပြင်ပစာရင်းစစ်မှ Disclaimer of Opinion ဖြင့်ထုတ်ပြန်ကြောင်း ရှယ်ယာရှင်များထံသို့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/giVZm

■ **FMI | Nov 2024**
**နှစ်ပတ်လည်အစီရင်ခံစာကြေညာခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ (FY 2024) နှစ်ပတ်လည် အစီရင်ခံစာကို အစုရှယ်ယာရှင်များထံ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်;https://shorturl.at/cmmhS

■ **MTSH | Nov 2024**
**အမြတ်ဝေစုခွဲဝေပေးမည့်ရက်အား အသိပေးကြေညာခြင်း**
MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ အမြတ်ဝေစုခွဲဝေပေးမည့်ရက်အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၅ရက်နေ့တွင် အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/7W6b9

■ **MTSH | Dec 2024**
**အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ**
MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော ခြောက်လကာလအတွက် အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၆ ) ရက်နေ့တွင် အစုရှယ်ယာရှင်များသို့ အသိပေးဖိတ်ကြားခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/qkCCi

■ **MTSH | Dec 2024**
**စီမံအုပ်ချုပ်သူများ၏လေ့လာချက်နှင့်ဆွေးနွေးသုံးသပ်ချက်များ**
MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များကို ၂၀၂၄ ခုနှစ်၊ ၊ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်;https://shorturl.at/Ht8la

■ **MCB | Oct 2024**
**(၃၂) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား အသိပေးကြေညာခြင်း**
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှ (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကြီးတွင် အတည်ပြုခဲ့သည့်အကြောင်းအရာများကို အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/I8qBC

■ **MCB | Nov 2024**
**ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း**
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှ ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အများပြည်သူသို့ အသိပေးကြေညာခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://shorturl.at/TebU4

■ **MCB | Dec 2024**
**ကြားဖြတ်အကျဉ်းချုံးဘဏ္ဍာရေးရှင်းတမ်းများ**
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်မှ ကြားဖြတ်အကျဉ်းချုံး ဘဏ္ဍာရေးရှင်းတမ်းများကို အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့သည်။အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/vWHI

■ **MCB | Dec 2024**
**စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များ**
မြန်မာနိုင်ငံသားများဘဏ်မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင် ကုန်ဆုံးသော (၆)လတာကာလအတွက် ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ် စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/rfSr

■ **FPB| Oct 2024**
**အစည်းအဝေးကျင်းပမည့်ရက်အသိပေးကြေညာခြင်း**
ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့် ရက်အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့တွင် အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/rfSr

■ **FPB| Oct 2024**
**အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း**
ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ အစားထိုးအရွေးခံမည့် ဒါရိုက်တာများနေရာနှင့်ပတ်သက်၍ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့တွင် အစုရှယ်ယာရှင်များသို့ အကြောင်းကြားစာထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/Vlsc

## စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ

### အောက်တိုဘာ - နိုဝင်ဘာ - ဒီဇင်ဘာ | ၂၀၂၄

**FPB**

- Vote ပေး၍ ဆန္ဒမဲပေးရွေးချယ်ပေးပါရန် အကြောင်းကြားခြင်း
- နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဆုံးဖြတ်ချက်များ

**TMH**

- စက်တင်ဘာလ(၃၀)ရက်နေ့ကုန်ဆုံးသောနှစ်အတွက်ပြင်ပစာရင်းစစ်အစီရင်ခံစာ
- စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ

**EFR**

- ဘဏ္ဍာရေးရှင်းတမ်းများ

**MAEX**

- ကြားဖြတ်အကျဉ်းချုံးဘဏ္ဍာရေးရှင်းတမ်းများ
- စီမံခန့်ခွဲရေး အဖွဲ့၏ ဆွေးနွေးချက်များနှင့် လေ့လာသုံးသပ်ချက်များ

**MAGDPL**

- ရန်ကုန်စတော့အိပ်ချိန်း၏ ပင်မဈေးကွက်သို့လာမည့် (၅) နှစ်အတွင်းဝင်ရောက်နိုင်ရေးစီမံချက်များ
- အစုရှယ်ယာများခွဲခြမ်းခြင်း (Share Split) ပြုလုပ်မည်ဖြစ်ကြောင်း အသိပေးခြင်း
- အမြတ်ဝေစုများအား ထုတ်ယူနိုင်မည့်အစီအစဉ်များ
- လွှပ်လပ်သောဒါရိုက်တာ ခန့်အပ်ကြောင်း အသိပေးခြင်း

## LISTED & REGISTERED COMPANIES UPDATES (Q3-2024-25)

■ **FPB| Oct 2024**
**Vote ပေး၍ ဆန္ဒမဲပေးရွေးချယ်ပေးပါရန် အကြောင်းကြားခြင်း**
၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ (၃၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးတွင်ရွေးချယ်ခံရသော ဒါရိုက်တာအမည်စာရင်းများ ကြေညာရန်အတွက် online မှ Vote ပေး၍ ဆန္ဒမဲပေးရွေးချယ်ပေးပါရန် အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားစာ ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/Vlsc

■ **FPB| Dec 2024**
**နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဆုံးဖြတ်ချက်များ**
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်လီမိတက်မှ (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး၏ ဆုံးဖြတ်ချက်များ အား အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/hcey

■ **TMH| Dec 2024**
**စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော နှစ်အတွက် ပြင်ပစာရင်းစစ် အစီရင်ခံစာ**
TMH TELECOM PUBLIC COMPANY LIMITED မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ပြင်ပစာရင်းစစ်အစီရင်ခံစာကို အစုရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက် နေ့တွင် အသိပေးကြေညာခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/Pkbg

■ **TMH| Dec 2024**
**စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် စိစစ်လေ့လာချက်များ**
TMH TELECOM PUBLIC COMPANY LIMITED မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် ကုန်ဆုံးသည့် (၂၀၂၄-၂၅) ခုနှစ် ဘဏ္ဍာနှစ်ဝက်အပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များကို အစုရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်;https://onlylinks.cc/GLGC

■ **EFR| Dec 2024**
**ဘဏ္ဍာရေးရှင်းတမ်းများ**
ထာဝရနန္ဒီအုပ်စု ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၁) ရက်နေ့အထိ ဘဏ္ဍာရေးရှင်းတမ်းများကို အစုရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/tBdy

■ **MAEX| Dec 2024**
**ကြားဖြတ်အကျဉ်းချုံးဘဏ္ဍာရေးရှင်းတမ်းများ**
MAEX Public ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော ခြောက်လကာလအတွက် အကျဉ်းချုံး ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများကို အစုရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်; https://onlylinks.cc/CsnJ

■ **MAEX| Dec 2024**
**စီမံခန့်ခွဲရေး အဖွဲ့၏ ဆွေးနွေးချက်များနှင့် လေ့လာသုံးသပ်ချက်များ**
MAEX Public ကုမ္ပဏီလီမိတက်မှ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်များနှင့် လေ့လာသုံးသပ်ချက်များအား အစုရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်:https://onlylinks.cc/MePQ

■ **MAGDPL| Oct 2024**
**ရန်ကုန်စတော့အိပ်ချိန်း၏ပင်မဈေးကွက်သို့ လာမည့် (၅) နှစ်အတွင်း ဝင်ရောက်နိုင်ရေး စီမံချက်များ**
မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်မှ ရန်ကုန်စတော့အိပ်ချိန်း၏ ပင်မဈေးကွက်သို့ လာမည့် (၅) နှစ် အတွင်း ဝင်ရောက်နိုင်ရေး စီမံချက်ကို အစုရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/sOubt

■ **MAGDPL| Nov 2024**
**အစုရှယ်ယာများ ခွဲခြမ်းခြင်း (Share Split) ပြုလုပ်မည်ဖြစ်ကြောင်း အသိပေးခြင်း**
မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာများခွဲခြမ်းခြင်း (Share Split) ပြုလုပ်မည်ဖြစ်ကြောင်း ရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/YkYhU

■ **MAGDPL| Nov 2024**
**အမြတ်ဝေစုများအား ထုတ်ယူနိုင်မည့်အစီအစဉ်များ**
မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုများအား ထုတ်ယူနိုင်မည့်အစီအစဉ်များကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/bVnKV

■ **MAGDPL| Nov 2024**
**လွှပ်လပ်သောဒါရိုက်တာ ခန့်အပ်ကြောင်း အသိပေးခြင်း**
မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်မှ လွှပ်လပ်သော ဒါရိုက်တာ ခန့်အပ်ကြောင်း အစုရှယ်ယာရှင်များသို့ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် အသိပေးကြေညာစာထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်:https://shorturl.at/C9U9q

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ

### Continuous Trading + Block Trading (Main Board+ Pre Listing Board )


| STATISTCS AT A GLANCE | Q2-24/25 (Jul-Sep) | Q3-24/25 (Oct-Dec) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | ၆၅ | ၅၆ | (၁၆%) |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | ၈ | ၈ | |
| မှတ်ပုံတင်ကုမ္ပဏီအရေအတွက် | ၁ | ၁ | |
| စတော့အညွှန်းကိန်း (MYANPIX) | ၄၁၁.၄ | ၃၉၀.၆၈ | (၅%) |
| စတော့အညွှန်းကိန်း (PLB Index) | ၁၆၅၉.၀၉ | ၁၄၀၉.၀၉ | (၁၈%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (Main Board) | ၁,၇၃၃,၆၈၂ | ၅၅၆,၃၂၅ | (၂၁၂%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (PLB) | ၂,၄၈၃ | ၇,၂၈၈ | ၆၆% |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (MB+PLB)** | ၁၇၃၆,၁၆၅ | ၅၆၃,၆၁၃ | (၂၀၈%) |
| **နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ (MB+PLB)** | ၂၆,၇၁၀ | ၁၀,၀၆၅ | (၁၆၅%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB) | ၅,၂၅၃ | ၁,၉၂၇ | (၁၇၃%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB) | ၇၆ | ၄၁ | (၈၈%) |
| **အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)** | ၅,၃၂၉ | ၁,၉၆၈ | (၁၇၁%) |
| **နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB)** | ၈၂ | ၃၅ | (၁၃၃%) |
| **ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB+PLB)** | ၈၁၂,၆၉၀ | ၇၆၈,၀၇၄ | (၆%) |

စာမျက်နှာ- ၃ သို့


# QUARTERLY STOCK PERFORMANCE (Q3- 2024-25)

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


Continuous Trading Only





ရှယ်ယာစောင်ရေစုစုပေါင်း - ၃၀,၆၁၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၆၀.၁၂





ရှယ်ယာစောင်ရေစုစုပေါင်း - ၁၃၀,၃၆၂
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၂၆.၁၂





ရှယ်ယာစောင်ရေစုစုပေါင်း - ၃,၁၅၁
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၆.၂၆





ရှယ်ယာစောင်ရေစုစုပေါင်း - ၆၆,၄၂၅
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၂၇.၆၄





ရှယ်ယာစောင်ရေစုစုပေါင်း - ၁၂,၉၈၉
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃၈.၄၀





ရှယ်ယာစောင်ရေစုစုပေါင်း - ၄၉,၉၀၀
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၈၄.၅၇





ရှယ်ယာစောင်ရေစုစုပေါင်း - ၁၁,၀၇၅
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၈.၉၆





ရှယ်ယာစောင်ရေစုစုပေါင်း - ၆၅,၈၁၉
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၁၅.၄၈




ရှယ်ယာစောင်ရေစုစုပေါင်း - ၃၇၀,၃၃၁
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁,၂၂၇.၅၄




ရှယ်ယာစောင်ရေစုစုပေါင်း - ၇,၁၅၃
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၀.၀၈၅




ရှယ်ယာစောင်ရေစုစုပေါင်း - ၇,၁၅၃
တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၀.၀၈၅